**(၃) သံချေးရောဂါ (Rust)**

**ရောဂါဖြစ်စေသောသက်ရှိ - *Puccinia purpurea* Cooke, *Puccinia sorghi* Schwein.**

**ရောဂါလက္ခဏာများ**

အရွက်၏အပေါ်နှင့်အောက်မျက်နှာပြင်တို့တွင် ဖေါင်းကြွနေသော အနီရောင် (သို့) နီညိုရောင် (သံချေးရောင်)၊ ခရမ်းရောင် အကွက်လေးများကို အရွက်ပေါ်တွင် ပြန့်ကျဲစွာ တွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ကြွေကျနေသောရောဂါရ အရွက်များအားဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Copper (ကော့ပါး)ပါဝင်သောဆေး၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) စသော မှိုသတ်ဆေးများဖြင့် အသုံးပြု ပက်ဖျန်းနိုင်သည်။